## Kyaw Soe Moe (Advanced Level First Prize)

### တောရဲ့မာယာ

အင်္ဂလိပ်စစ်သားပုံစံဖမ်းထားပြီးတပြောင်ပြောင်တလက်လက်ဖြစ်နေတဲ့သေနတ်တွေထမ်းထားတဲ့လူငယ်နှစ်ယောက်ဟာ ဝက်ဝံဖြူပုံပေါက်တဲ့ခွေးနှစ်ကောင်နဲ့အတူ သစ်ရွက်တွေနဲ့စိမ်းစိမ်းစိုစိုရှိနေတဲ့ နေရာလေးကိုလမ်းလျှောက်ရင်း စကားပြောနေကြလေရဲ့။

" အလိုလေး ဒီတောင်ကိုတော့ကျော်သွားမှနဲ့တူတယ်။ ငှက်တွေရော သားကောင်တွေရောတစ်ကောင်မှမတွေ့ဘူး။ ဘာပဲဖြစ်ဖြစ်ကိစ္စတော့မရှိပါဘူး။ မြန်မြန်တိတ်တိတ်လုပ်ကြည့်ဦးမှပဲ "

" သမင်ကလေးနှစ်ကောင်သုံးကောင်လောက်လာရင်တော့ အရမ်းပျော်စရာပဲဟေ့။ တစ်ပတ်နှစ်ပတ်လောက်လှည့်ကြည့်ပြီးတော့မှပဲ နားကြတာပေါ့ "

ဒီနေရာက တောအတော်နက်တဲ့နေရာပါ။ လမ်းပြလိုက်လာတဲ့မုဆိုးကျော်လည်း ယောင်ချာချာဖြစ်ပြီး ဘယ်ကိုသွားလို့သွားမှန်မသိတဲ့တောနက်ကြီးပေါ့။

ပြီးတော့ တောကအရမ်းနက်လွန်းလို့ ပါလာတဲ့ခွေးဖြူကြီးနှစ်ကောင်လည်း ယိုင်ထိုးယိုင်ထိုးဖြစ်ပြီး ခဏလေးဟောင်ပြီး
ပါးစပ်ထဲကအမြှုပ်တွေထွက်လာပြီးသေသွားကြလေရဲ့။

လူငယ်တစ်ယောက်က ခွေးတွေရဲ့မျက်ခွံကိုတစ်ချက်လှန်ကြည့်ပြီး

" ငါတော့ တကယ့်ကို ငွေနှစ်ထောင့်လေးရာဆုံးပါပြီ " လို့ပြောလိုက်တယ်။

စပြောတဲ့လူငယ်က မျက်နှာမသာမယာဖြစ်သွားပြီး
နောက်တစ်ယောက်ကိုစိုက်ကြည့်ပြီးပြောလိုက်တယ်။

" ငါတော့ပြန်ရင် ကောင်းမယ်ထင်တယ် "

" အင်း ငါလည်းချမ်းကလည်းချမ်း ဗိုက်ကလည်းဆာလာလို့ ပြန်ရင်ကောင်းမယ် "

" ဒါဆိုရင်ဒီလောက်နဲ့ပဲရပ်ကြစို့။ အပြန်လမ်းမှာ မနေ့ကတည်းတဲ့နေရာမှာပဲ တောကြက်ကို တစ်ဆယ်ဖိုးလောက် ဝယ်သွားတာကောင်းမယ် "

" ယုန်လည်းပဲ ရတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်အတူတူပါပဲ။ ကဲ ပြန်ကြရအောင် "

ဒါပေမဲ့ဒုက္ခတွေ့နေတာက ဘယ်ကိုသွားမှပြန်ရောက်မလဲဆိုတာကိုပဲ။ဘယ်လိုမှ မှန်းဆလို့ကိုမရတော့ဘူး။

လေက ဝုန်းကနဲတိုက်၊ မြက်တွေက တရှဲရှဲမြည်၊ သစ်ရွက်တွေက တဖြုတ်ဖြုတ်ကြွေကျ၊ သစ်ပင်တွေက တဝုန်းဝုန်းနဲ့အော်မြည်နေကြတယ်။

" တကယ့်ကိုဗိုက်ဆာလာပြီ။ စောစောကတည်းက ဗိုက်အောင့်နေတာ "

" ငါလည်းအတူတူပဲ။ နောက်ထပ်မလျှောက်ချင်တော့ဘူး "

" လမ်းမလျှောက်နိုင်တော့ဘူး။ တစ်ခုခုစားချင်လိုက်တာ "

" ဗိုက်ဆာလိုက်တာနော် "

လူငယ်နှစ်ယောက်ဟာ တဗျစ်တောက်တောက်ညီးတွားရင်း အဲသလိုပြောနေခဲ့ကြတယ်။

အဲဒီအချိန်မှာ အမှတ်မထင်နောက်ကိုကြည့်လိုက်တော့၊ အနောက်တိုင်းပုံစံဆောက်ထားတဲ့ အိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရတယ်။ အိမ်ဝင်ပေါက်မှာ (တောကြောင်၊ အနောက်တိုင်စားသောက်ဆိုင်)လို့ဆိုင်းဘုတ်တပ်ထားတယ်။

" ဟေ့အတော်ပဲကွ၊ ဒီနေရာမှာ ဒီလိုဒီလိုဆိုင်မျိုးဖွင့်ထားတာ။ ဝင်စားကြည့်ရအောင် "

" အင်း ဒီနေရာမျိုးမှာ ရှိနေတာ ဆန်းတော့အဆန်းသားပဲ။ ဒါပေမဲ့ဘယ်လိုပဲဖြစ်ဖြစ်၊ စားသောက်စရာတော့ရမှာပေါ့လေ "

" ရမှာကတော့ပြောစရာမလိုဘူးဟေ့။ ဆိုင်းဘုတ်တောင်တပ်ထားသေးတာပဲ မဟုတ်လား "

“ ဝင်ကြရအောင်၊ ငါလည်းဗိုက်ဆာလွန်းလို့ ခြေတောင်မခိုင်တော့ဘူး ”

နှစ်ယောက်သားဟာ အဝင်ဝမှာရပ်လိုက်ကြတယ်။ အဝင်ဝက ကြွေအုတ်တွေနဲ့စီထားတဲ့ တကယ့်ကိုထည်ထည်ဝါဝါရှိပါတယ်။

ပြီးတော့မှန်တံခါးလေးရှိပြီး အဲဒီအပေါ်မှာ ရွှေစာလုံးနဲ့ရေးထားတာက

“ ဘယ်သူမဆို ဝင်ရောက်စားသောက်နိုင်ပါတယ်။ အားနာစရာမလိုပါ ”

နှစ်ယောက်သားက အရမ်းကိုဝမ်းပန်းတသာနဲ့ပြောကြလေရဲ့။

“ ဒါကတော့ ဘယ်လိုလဲဟေ့။ လောကကြီးကဒီလိုတော့လဲတရားမျှတသားပဲ။ ဒီနေ့တစ်နေ့လုံးဒုက္ခရောက်ခဲ့ရတာ။ ဒီတစ်ခါတော့ဒီလိုကောင်းတာမျိုးလည်း ကြုံရသားပဲ။ ဒီအိမ်ကစားသောက်ဆိုင်ဆိုပေမဲ့ ထမင်းဟင်း အလကားကျွေးသားပဲ ”

“ အင်း ဒီအတိုင်းပဲထင်တယ်။ အားနာစရာမလိုပါဆိုတာအဲဒီအဓိပ္ပါယ်ပဲထင်တယ် ”

နှစ်ယောက်သား တံခါးကိုတွန်းဖွင့်ပြီး အထဲကိုဝင်သွားခဲ့ကြတယ်။ ဝင်သွားတာနဲ့စင်္ကြံလေးရှိပြီး အဲဒီမှန်တံခါးရဲ့အတွင်းဘက်မှာတော့ ရွှေစာလုံးနဲ့ဒီလိုရေးထားပြန်တယ်။

“ အထူးသဖြင့်ဝတဲ့လူတွေနဲ့ငယ်ရွယ်တဲ့လူတွေကိုလှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ် ”

နှစ်ယောက်သားလှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်ဆိုလို့ အရမ်းကိုပျော်သွားခဲ့တယ်။

“ ဟေ့ ငါတို့တော့ လှိုက်လှိုက်လှဲလှဲ ကြိုတာနဲ့ကြုံရပြီ ”

“ ငါတို့တွေကတော့နှစ်မျိုးစလုံးဖြစ်နေတော့လေ ”

ကသုတ်ကရုတ်ကလေးသွားလိုက်တော့ ဒီတစ်ခါဆေးအကြည်သုတ်ထားတဲ့တံခါးတစ်ချပ်တွေ့လိုက်ရပြန်တယ်။

“ တော်တော်ထူးဆန်းတဲ့အိမ်ပဲ။ ဘာလို့ဒီလောက်တံခါးတွေများရပါလိမ့် ”

“ ဒါက ရုရှားပုံစံလေ။ အေးတဲ့နေရာတို့တောထဲမှာဆိုအားလုံးဒီလိုပဲ ”

နှစ်ယောက်သားတံခါးကိုဖွင့်မလို လုပ်လိုက်တော့၊ အပေါ်မှာအဝါရောင်စာလုံးနဲ့ဒီလိုရေးထားပြန်ရော။

“ ဒီဆိုင်မှာအော်ဒါများတဲ့အတွက် အဲဒါကိုနားလည်ပေးပါ ”

“ တော်တော်လေးရောင်းရတယ်နော်။ ဒီလောက်တောကြီးထဲမှာ ”

“ ဒီလိုပဲပေါ့။ ကြည့်စမ်း။ တိုကျိုကစားသောက်ဆိုင်ကြီးတွေများ လမ်းမကြီးပေါ်မှာရှိနေတာတွေက နည်းတယ်မဟုတ်လား ”

နှစ်ယောက်သား ပြောရင်းနဲ့ပဲ တံခါးကိုဖွင့်လိုက်ကြတယ်။ ဖွင့်လိုက်တော့ အတွင်းဘက်မှာက

“ အော်ဒါ အရမ်းများတဲ့အတွက် တစ်ခုချင်းတစ်ခုချင်းသီးခံပြီးသုံးဆောင်ပါ။ ”

တစ်ယောက်ကတော့မျက်မှောင်ကျုံ့ပြီး “ ဒါတွေက ဘယ်လိုသဘောပါလိမ့် ”

“ အင်း ဒါကတော့အရမ်းကိုအော်ဒါများတဲ့အတွက် ပြင်ဆင်ရတာအချိန်ကြာရင်ခွင့်လွှတ်ပေးပါလို့ ပြောတာနေမှာပေါ့ ”

“ ဟုတ်လား မြန်မြန်အခန်းတစ်ခန်းထဲဝင်ချင်လာပြီ ”

“ ပြီးတော့ ထိုင်ချင်နေပြီ ”

ဒါပေမဲ့ပိုပြီးစိတ်ရှုပ်စရာဖြစ်တာက နောက်ထပ်တံခါးတစ်ပေါက်ရှိနေသေးတာပဲ။ ပြီးတော့သော့ခတ်ထားပြီး သော့အောက်မှာ လက်ကိုင်ရှည်ဘရပ်(ရှ်)ကိုထားထားလေရဲ့။

တံခါးမှာတော့ အနီရောင်စာလုံးတွေနဲ့

“ ဧည့်သည်တော်များ၊ ဒီနေရာမှာ ဆံပင်ကိုသပ်သပ်ရပ်ရပ်စည်းပြီး ဖိနပ်ကရွှံ့တွေကိုသုတ်ပါ ”လို့ရေးထားတယ်။

“ ဒါကတော့လွန်ပြီဟေ့။ ငါကတော့ စောစောကအဝင်ဝမှာတော့ တောထဲကဆိုင်ပဲဆိုပြီးအထင်သေးခဲ့မိတယ် ”

“ တကယ့်ကိုစည်းကမ်းကြီးတာပဲ။ တကယ့်ကိုလူကြီးလူကောင်းတွေမကြာမကြာလာတယ်နဲ့တူတယ် ”

အဲဒီမှာပဲနှစ်ယောက်သား ဆံပင်တွေကိုသပ်သပ်ရပ်ရပ်စီးပြီးဖိနပ်ကရွှံ့တွေကိုသုတ်ခဲ့ကြတယ်။

အဲသလိုလုပ်လိုက်တော့ ဘာကြောင့်မှန်းမသိ ဘရပ်(ရှ်)ကိုပျဉ်ပြားပေါ်မှာတင်လိုက်တာနဲ့ ဘရပ်(ရှ်)ကဖျတ်ကနဲပျောက်သွားပြီးလေတွေအခန်းထဲကို ဝေါကနဲဝင်လာတယ်။

နှစ်ယောက်သားထိတ်လန့်ပြီး တစ်ယောက်ယောက်ကိုတစ်ယောက်ကပ်ထားပြီး၊တံခါးကိုဖြုံးကနဲဖွင့်ပြီး၊နောက်တစ်ခန်းကိုဝင်ခဲ့ကြတယ်။ မြန်မြန်လေးနွေးနွေးထွေးထွေးရှိမဲ့ဟာလေးစားပြီး အားမွေးမထားဘူးဆိုရင်ဘယ်လိုမှနည်းလမ်းမရှိဖြစ်သွားလိမ့်မယ်လို့တွေးမိကြတယ်။

တံခါးရဲ့အတွင်းဘက်မှာတော့ ထူးထူးဆန်းဆန်းရေးထားသေးတယ်။

“ သေနတ်နဲ့ကျည်ဆံတွေကို ဒီနေရာမှာထားပါ ”

ကြည့်လိုက်တော့ဘေးမှာ စင်အနက်ကရှိနေတယ်။

“ တကယ်ပဲ သေနတ်ကြီးကိုင်ပြီး အစားစားစရာမလိုပါဘူး ”

“ ဟင့်အင်း လူကြီးတွေ အမြဲတမ်းလာနေတာဖြစ်မယ် ”

နှစ်ယောက်သားသေနတ်တွေကိုချွတ်ပြီး ခါးပတ်ပါချွတ်ပြီးစင်ပေါ်တင်လိုက်တယ်။

နောက်ထပ်တံခါးအနက်တစ်ပေါက်ရှိသေးလေရဲ့။

“ ကျေးဇူးပြုပြီး ဦးထုပ် အပေါ်ကုတ်အကျီနဲ့ဖိနပ်ကိုချွတ်ပါ ”

“ ဘယ်လိုလဲ၊ ချွတ်မှာလား ”

“ မတတ်နိုင်ဘူး၊ ချွတ်ရအောင်။ သေချာတာက အထဲမှာရှိနေတာ တကယ့်ကိုကြီးမြတ်တဲ့သူဖြစ်မှာပဲ ”

နှစ်ယောက်သားဦးထုပ်အပေါ်အကျီကိုချိတ်မှာချိတ်ပြီး၊ ဖိနပ်ကိုချွတ် တဖြတ်ဖြတ်လျှောက်ရင်း အတွင်းဘက်ကိုဝင်ခဲ့ကြတယ်။

တံခါးရဲ့အတွင်းဘက်မှာက နက်ကတိုင်ပင်(လည်စည်းညှပ်ကလစ်)၊ လက်စည်း၊ မျက်မှန်၊ ပိုက်ဆံအိပ်၊ အခြားသတ္တုပစ္စည်းများ၊ အထူးသဖြင့်ချွန်ထက်တဲ့အရာတွေကိုအားလုံးဒီနေရာမှာထားခဲ့ပါလို့ရေးထားတယ်။ တံခါးဘေးမှာ မီးခံသေတ္တာအနက်ကလေးကိုဖွင့်ပြီးထားထားတယ်။ သော့တောင်ပါသေးရဲ့။

“ အင်းဟင်းလျှာတစ်ခုခုမှာလျှပ်စစ်လွှတ်လိုက်ရင် မြင်ရမှာပေါ့။ သတ္တုခေါက်ပါတဲ့ဟာကအန္တရာယ်ရှိတယ်။ အထူးသဖြင့်ချွန်ထက်တဲ့အရာကအန္တရာယ်များတယ်လို့ပြောတာထင်တယ်။ ”

“ ဟုတ်မယ်ထင်တယ်။ ကေန္တတော့ အပြန်ဒီနေရာမှာ ငွေရှင်းရမယ်နဲ့တူတယ် ”

“ အဲသလိုပဲ ထင်တာပဲ ”

“ သေချာပေါက် အဲသလိုပဲဖြစ်မှာပါပဲ ”

နှစ်ယောက်သား မျက်မှန်တွေချွတ်လက်စည်းတွေဖြုတ်ပြီး၊ အားလုံးကိုမီးခံသေတ္တာထဲထည့်ပြီး ချောက်ကနဲသော့ကိုခတ်ခဲ့ကြတယ်။

နည်းနည်းထပ်သွားလိုက်တော့တံခါးတစ်ပေါက်ကိုထပ်တွေ့ရပြီး အဲဒီရှေ့မှာဖန်ဗူးကလေးတစ်ခုထားထားတယ်။ တံခါးမှာတော့ဒီလိုရေးထားတယ်။

“ မျက်နှာ၊ လက်နဲ့ခြေထောက်တို့ကိုဖန်ဗူးထဲက ကရိမ်လိမ်းပါ ”

“ ဒါကတော့အပြင်မှာ အရမ်းအေးတယ်မဟုတ်လား။ အခန်းထဲမှာအရမ်းနွေးနေရင်အသားပတ်ကြားအက်တွေဖြစ်တတ်တယ်။ အဲဒီအတွက်ကြိုတင်ကာကွယ်တာပေါ့။ တကယ်ပဲအထဲမှာ အတော့်ကိုမြင့်မြတ်တဲ့သူရောက်နေတယ်နဲ့တူတယ်။ ဒီလိုနေရာမျိုးမှာ ငါတို့တွေမထင်မှတ်ပဲ၊လူကြီးတွေနဲ့နီးစပ်တော့မယ်နဲ့တူပါတယ်။ ”

နှစ်ယောက်သားဗူးထဲကကရိမ်တွေကို မျက်နှာကိုလိမ်း၊ လက်ကိုလိမ်းပြီးတော့ခြေအိပ်ချွတ်ပြီးခြေထောက်ကိုပါလိမ်းခဲ့ကြတယ်။ ဒါနဲ့တောင်ကရိမ်တွေကျန်နေသေးတာနဲ့နှစ်ယောက်စလုံးအသီးသီးမျက်နှာကိုလိမ်းချင်ရောင်ဆောင်ပြီးစားခဲ့ကြတယ်။

ပြီးတော့နှစ်ယောက်သားလောကြီးသုတ်ပျာနဲ့ တံခါးကိုဖွင့်လိုက်တော့အထဲမှာ“ ကရိမ်ကိုသေသေချာချာလိမ်းခဲ့ရဲ့လား။နားရွက်ကိုရောလိမ်းခဲ့ရဲ့လား “ လို့ရေးထားပြီးကရိမ်ဗူးသေးသေးလေးတဗူးကိုအဲဒီမှာထားထားတယ်။

“ ဟုတ်ပဟုတ်ပ၊ ငါ့နားရွက်မှာမလိမ်းခဲ့ဘူး။ နားရွက်မှာပတ်ကြားအက်တာတွေဖြစ်

တော့မလို့သီသီပဲလိုတော့တယ်။ ဒီကပိုင်ရှင်ကတကကယ့်ကိုအသေးစိတ်ဂရုစိုက်တာပဲနော် ”

“ အင်း အသေးစိတ်ကလေးအထိသတိထားတယ်နော်။ ဒါနဲ့စကားမစပ်ငါတော့မြန်မြန်တစ်ခုခုစားချင်လာပြီ။ ဒီလိုပဲစကြိုကမဆုံးနိုင်ရင်တော့မလွယ်ဘူး ”

ဒါပေမဲ့အဲဒီရှေ့မှာပဲ နောက်ထပ်တံခါးတစ်ပေါက်ရှိနေသေးတယ်။

“ ဟင်းကျက်ပါတော့မယ်။ ၁၅မိနစ်တောင်မစောင့်စေရပါဘူး။
ချက်ချင်းစားလို့ရပါမယ်။ မြန်မြန်သင့်ခေါင်းပေါ်ကိုပုလင်းထဲမှ
ရေမွှေးကိုသေသေချာချာလူပ်ပြီးဖြန်းလိုက်ပါ ”

တံခါးရှေ့မှာရွှေရောင်လက်နေတဲ့ ရေမွှေးပုလင်းလေးထားထားတယ်။ နှစ်ယောက်သားအဲဒီရေမွှေးတွေကို ခေါင်းပေါ်ကိုတဗျန်းဗျန်းနဲ့လောင်းချလိုက်ကြတယ်။

ဒါပေမဲ့ရေမွှေးတွေက တကကယ့်ကိုအချဉ်ရည်လိုအနံ့မျိုးတွေဖြစ်နေတယ်။

“ ဒီရေမွှေးတွေက တကကယ့်ကိုနံနေတာပဲ ဘယ်လိုဖြစ်တာပါလိမ့် ”

“ မှားတာနေမှာပေါ့။ အစေခံအမျိုးသမီးကအအေးမိပြီးမှားထည့်တာဖြစ်မှာပေါ့ ”

နှစ်ယောက်သားတံခါးကိုဖွင့်ပြီး အထဲကိုဝင်ခဲ့ကြတယ်။ တံခါးအတွင်းဘက်မှာတော့စာလုံးကြီးကြီးနဲ့ဒီလိုရေးထားတယ်။

“ အမျိုးမျိုးမှာကြားတာတွေများခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး။ နောက်ထပ်ဒီဟာလေးတစ်ခုပါပဲ။ ကျေးဇူးပြုပြီး ခန္ဓာကိုယ်ကိုဗူးထဲက ဆားတွေနဲ့နယ်ပေးပါ။ ”

တကယ့်ကိုလှပတဲ့အပြာရောင်ကြွေဆားဗူးလေးထားထားတယ်။ ဒါပေမဲ့ဒီတစ်ခါမှာတော့နှစ်ယောက်စလုံးရင်တွေတုံပြီး ကရိမ်းတွေလိမ်းထားတဲ့မျက်နှာတွေကို ကိုယ်စီကိုယ်စီလှမ်းကြည့်ခဲ့ကြတယ်။

“ ထူးတော့ အထူးသားပဲ ”

“ ငါလဲ ထူးဆန်းတယ်လို့ထင်တယ် ”

“ အများအပြားမှာကြားတာဆိုတာက သူတို့ကငါတို့ကိုမှာကြားနေတာပဲ ”

“ ဒါကြောင့် အနောက်တိုင်းစားသောက်ဆိုင်ဆိုတာ ငါစဉ်းစားမိတာက အနောက်တိုင်းဟင်းလျာကို လာတဲ့သူတွေကိုကျွေးတာမှမဟုတ်ပဲ။ လာတဲ့သူကိုအနောက်တိုင်းဟင်းလျာအဖြစ်ချက်ပြီး စားတဲ့အိမ်ဆိုတဲ့သဘောပေါ့။ ဒါက အဲဒီလို ဆိုဆိုရင် ငါငါငါတို့တွေက ” တဆတ်ဆတ်တုံပြီးဘာမှမပြောနိုင်တော့ဘူး။

“ အဲဒီ ငါ ငါ တို့တွေက အောင်မယ်လေး ”

တဆတ်ဆတ် တဆတ်ဆတ်တုံပြီး ဘာဆိုဘာမှမပြောနိုင်တော့ဘူး။

“ ပြေး ” တဆတ်ဆတ်တုံနေရင်းနဲ့လူငယ်တစ်ယောက်က နောက်တံခါးကိုတွန်းကြည့်ပေမဲ့တံခါးက တစ်ချက်ကလေးမှ မရွေ့ခဲ့ဘူး။ အထဲဘက်မှာနောက်တံခါးတစ်ပေါက်ကျန်သေးပြီး သော့ပေါက်နှစ်ခုပါပြီး ငွေရောင်ခက်ရင်းနဲ့ဓါးပုံစံထွင်းထားတယ်။

“ ဟင်း တကူးတကအပင်ပမ်းခံပြီးတော့မှ။ တော်တော်လေးတောင်ပြီးနေပြီ။ ကဲကဲအတွင်းကိုဝင်ပါ။ ” လို့ရေးထားတယ်။
အဲဒီအပြင်သော့ပေါက်ကနေမျက်လုံးအပြာတစ်စုံကတဖျတ်ဖျတ်နဲ့ ဒီဘက်ကိုကြည့်နေတယ်။

“ အောင်မယ်လေး။” “ အောင်မယ်လေးဗျ။ ”

နှစ်ယောက်သားငိုချလိုက်ကြတယ်။ တံခါးအတွင်းဘက်မှာတော့ တီးတိုးပြောနေကြလေရဲ့။

“ မရတော့ဘူး။ သိသွားပြီ။ ဆားမနယ်တော့မဲ့ပုံပဲ ”

“ သဘာဝပဲလေ။ ဆရာရေးထားတာကိုက ဆိုးဝါးတယ်။ အဲဒီနေရာမှာ အမျိုးမျိုးမှာကြားတာတွေများတဲ့အတွက်စိတ်မကောင်းပါဘူးတဲ့။ ရှုးတိရှုးကြောင်ရေးထားတာပဲ ”

“ ဘယ်လိုပဲဖြစ်ဖြစ်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ငါတို့ကို အရိုးလေးတောင်မှခွဲ မပေးတာ ”

“ ဟုတ်တယ်ဟေ့။ ဒါပေမဲ့သူတို့တတွေဒီအထဲကိုဝင်မလာရင်
ငါတို့တာဝန်ဖြစ်သွားလိမ့်မယ်ကွ ”

“ ကဲ ခေါ်ကြရအောင်။ ဒီမှာမိတ်ဆွေတို့မြန်မြန်လာပါ။လာပါ။ ပန်းကန်တွေလဲ

ဆေးထားပြီးပြီ။ ဟင်းရွက်တွေလည်း ဆားနဲ့သေသေချာချာနယ်ထားပြီးပါပြီ။ ကျန်တာက မိတ်ဆွေတို့နဲ့ဟင်းရွက်တွေကိုရောနှောပြီး ဟင်းပန်းကန်ထဲထည့်ရုံပါပဲ။ မြန်မြန်လာပါ။ ”

“ ဟေး လာကြ လာကြ။ ဒါမှမဟုတ်အသုပ်ကိုမကြိုက်ဘူးဆိုရင်၊မီးမွှေးပြီးကြော်ပေးပါ့မယ်။ ဘယ်လိုပဲဖြစ်ဖြစ်မြန်မြန်လာကြပါ ”

နှစ်ယောက်သားက အရမ်းကိုကြောက်လွန်းတဲ့အတွက်မျက်နှာကတွန့်ကြေနေတဲ့စက္ကူစုတ်လိုဖြစ်သွားပြီး တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်ကြည့်ရင်း တတုန်တုန်တယီယီနဲ့ အသံတောင်မထွက်နိုင်ပဲ ငိုနေခဲ့ကြတယ်။

အထဲကလူတွေကတော့ တိုးတိုးကလေးရယ်ပြီး နောက်ထပ်အော်ခဲ့ကြတယ်။

“ လာကြလာကြ အဲသလိုငိုနေရင် တကူးတကလိမ်းထားတဲ့ကရိမ်းတွေပျက်ကုန်လိမ့်မယ်။ ကဲ အခုအချိန်ကျပြီ။ ကဲမြန်မြန်လာကြပါ။ ”

“ မြန်မြန်လာကြ ဆရာကပုဂံကိုခင်း၊ ခါးကိုကိုင်၊ လျှာတွေသိမ်းပြီး မိတ်ဆွေတို့ကိုစောင့်နေတယ် ”

နှစ်ယောက်သား ငိုပြီးရင်းငို ငိုပြီးရင်ငိုနေကြတယ်။

အဲဒီအချိန်မှာ နောက်ကနေရုတ်တရက်

“ ဝုတ် ဝုတ် ဝုတ် ” ဆိုတဲ့အသံပေါ်လာပြီးခွေးဖြူကြီးနှစ်ကောင်ကတံခါးကိုချိုးဖျက်ပြီး အခန်းထဲကိုဝင်လာခဲ့ကြတယ်။ သော့ပေါက်ကြားထဲကမျက်လုံးတွေလည်း ဖြတ်ကနဲ့ပျောက်၊ ခွေးတွေလည်းအသံရှည်ဆွဲအူကြပြီး၊ အခန်းထဲကိုခဏလောက်လှည့်သွားနေခဲ့ကြတယ်။ ပြီးတော့ဝုတ်လို့တစ်ချက်ဟောင်ပြီး နောက်တံခါးကနေရုတ်တရက်ထွက်သွားခဲ့ကြတယ်။

အဲဒီတံခါးရဲ့တစ်ဘက်မှာတော့ ပိန်းပိတ်နေတဲ့အမှောင်ထုထဲမှာ

“ ညောင် ဂူး ဂလုန်း ” ဆိုတဲ့အသံတွေကြားရပြီး တဝေါဝေါနဲ့အော်မြည်နေကြတယ်။

အခန်းက မီးခိုးတွေလိုပျောက်ကွယ်သွားပြီး၊ နှစ်ယောက်သားဟာ အအေးဒါဏ်ကြောင့်တဆတ်ဆတ်တုံပြီး၊မြက်တောထဲမှာရပ်နေခဲ့ကြတယ်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့၊ ကုတ်အင်္ကျီ၊ ဖိနပ်၊ ပိုက်ဆံအိပ်၊ လည်စည်းညှပ်ကလစ်တွေကဟိုသစ်ကိုင်းပေါ်မှာတွဲလောင်းချိတ်ထား၊ဒီသစ်ကိုင်းခြေမှာကစင့်ကလျားထားထားဖြစ်နေတယ်။ လေကလည်းဝေါကနဲတိုက်လာပြီး မြက်တွေတရှဲရှဲ၊ သစ်ရွက်တွေကတဖြုတ်ဖြုတ်၊ သစ်ပင်တွေက တဝေါဝေါနဲ့မြည်လာတယ်။

ခွေးတွေလည်းပြန်ရောက်လာကြတယ်။ ပြီးတော့နောက်ကနေ “ ဆရာ ဆရာ ”လို့အော်သံကြားလိုက်ရတယ်။ နှစ်ယောက်သားရုတ်တရက်အားတွေဝင်လာပြီး

“ ဟေးဟေး ဒီမှာမြန်မြန်လာ ”” လို့အော်ခဲ့ကြတယ်။ ကောက်ရိုးဦးထုပ်ဆောင်းထားတဲ့မုဆိုးက မြက်တွေကိုတရှဲရှဲလမ်းခွဲပြီးရောက်လာခဲ့တယ်။

အဲဒီတော့မှ နှစ်ယောက်သား စိတ်အေးခဲ့ရတယ်။ ပြီးတော့မုဆိုးယူလာတဲ့မုံ့လုံးကြီးတွေကိုစားပြီး လမ်းတဝက်မှာငွေတစ်ဆယ်ဖိုးတောကြက်တွေဝယ်ပြီး တိုကျိုကိုပြန်ခဲ့ကြတယ်။

ဒါပေမဲ့စောစောကစက္ကူစုတ်လိုဖြစ်ခဲ့တဲ့သူတို့မျက်နှာတွေကတော့ တိုကျိုကိုပြန်ရောက်လဲပဲ ရေနွေးပဲစိမ်စိမ် နဂိုမူလအတိုင်းတော့ပြန်မဖြစ်တော့ဘူးတဲ့။